ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

စာအမှတ်- ၀၁၂ /န-ဗကဗ/၂၀၁၄
ရက်စွဲ- ၂၀၁၄ ခုနှစ်၊ ဧပြီလ (၃၀) ရက်

သို့

ဥက္ကဋ္ဌ
ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC)

အကြောင်းအရာ။ ။ <u>တွေ့ဆုံဆွေးနွေးပွဲများနှင့်ပတ်သက်၍ (UNFC) ၏သဘောထားပေးပို့ခြင်း</u>

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC) ဥက္ကဋ္ဌခင်ဗျား-
လေးစားစွာစာရေးအကြောင်းကြားအပ်ပါသည်။

၁။ သမ္မတကြီးဦးသိန်းစိန်ဦးဆောင်သောအစိုးရက ၂၀၁၁ ခုနှစ် ဩဂုတ်လ (၁၈) ရက်နေ့စွဲဖြင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း စာအမှတ် ၁/၂၀၁၁ ကိုထုတ်ပြန်ခဲ့သည်။ ၎င်းအပေါ်မိမိတို့ (UNFC) ဘက်မှ ချက်ချင်းလိုလိုပင် ငြိမ်းချမ်းရေးဆွေးနွေးရန်သဘောတူညီကြောင်းနှင့်အဆင်သင့်ရှိကြောင်း၊ ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့တဖွဲ့ ကိုလည်းရွေးချယ်တာဝန်ပေးထားပြီးဖြစ်ကြောင်းအကြောင်းပြန်ကြားခဲ့သည်။

၂။ သို့သော်အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) သည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏တပ်ပေါင်းစုဖြစ်သော (UNFC) နှင့်ဆွေးနွေးခြင်းမပြုပဲ တဖွဲ့ချင်းစီသီးခြားဆွေးနွေးခြင်း၊ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို သီးခြားစီလက်မှတ်ရေးထိုးခြင်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့်ဟူ၍ နှစ်ဆင့်ထားပြီးလုပ်ဆောင်ခဲ့သည်။ (UNFC) ၏အဖွဲ့ဝင်အဖွဲ့အစည်း (၆) ဖွဲ့နှင့်ပဏာမ အပစ်အခတ်ရပ်စဲရေးလုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

၃။ ၂၀၁၂ နှစ်ကုန်ပိုင်းမှစ၍ အစိုးရ၏ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (UPWC) သည် UNFC ကိုယ်စားလှယ်အဖွဲ့နှင့် အကြိမ်ကြိမ်တွေ့ဆုံခဲ့ပြီးနောက် "တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်" တရပ်ရေးဆွဲပြုစုပြီး လက်မှတ်ရေးထိုးနိုင်ရေးအတွက် နှစ်ဘက်ကြိုးပမ်းခဲ့ကြသည်။ ထိုသို့ကြိုးပမ်းရာတွင် UNFC အဖွဲ့ဝင်မဟုတ်သော အဖွဲ့အစည်းများပါဝင်စေလျှက် ကျယ်ပြန့်သော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ကွန်ဖရင့်ကို KIO ဌာနချုပ်လိုင်ဇာတွင်တကြိမ်၊ KNU နယ်မြေလော်ခီးလာတွင်တကြိမ်၊ စုစုပေါင်း (၂) ကြိမ် ကျင်းပပြီးစီးခဲ့သည်။ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ NCCT ကိုဖွဲ့စည်းပြီး "တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်" မူကြမ်းတစောင်ထွက်ရှိရေးကို (UPWC) နှင့် လေးကြိမ်ထက်မနည်းဆွေးနွေး ညှိနှိုင်းခဲ့ပြီးဖြစ်သည်။

၄။ နောက်ဆုံးအကြိမ် ၂၀၁၄ ခုနှစ်၊ ဧပြီလ (၅ - ၈) နေ့၊ ရန်ကုန်မြို့ MPC တွင် ပြုလုပ်သော ညှိနှိုင်းပွဲမှ Single Text (မူကြမ်း) တစောင် နှစ်ဘက်ကြိုးပမ်းမှုဖြင့်ရရှိလာခဲ့သည်။ သို့သော် ထိုမူကြမ်းတွင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် အမျိုးသားကိုအခြေခံသော ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် တန်းတူရေးနှင့်ကိုယ် ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး စသောအခြေခံမူများအပေါ်တွင်မူကား အစိုးရဘက်ကလက်ခံနိုင်ရန် အဆင်သင့်မရှိသေး သည်ကိုတွေ့မြင်ခဲ့ရပါသည်။ တဘက်တွင်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများ အောက်သို့ ဖွတ်အတင်းဆွဲသွင်းလိုခြင်းနှင့် "ဥပဒေဘောင်အတွင်း" သို့ ပြန်လည်ဝင်ရောက်လာပြီးမှ "နိုင်ငံရေး ဆွေးနွေးပွဲ" များကို ဆက်လက်ဆွေးနွေးသွားရမည့် လမ်းပြမြေပုံကိုလည်း တဘက်သတ်တင်ပြနေခြင်းမှာ UNFC နှင့်တကွ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများဘက်က လက်ခံရန်မဖြစ်နိုင်သော အခြေအနေဖြစ်နေပါသည်။

၅။ ယင်းကဲ့သို့ညှိနှိုင်းဆွေးနွေးမှုများ အကြိတ်အနယ်ထပ်မံညှိနှိုင်းရန်လိုအပ်နေချိန်တွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုပဲ မြန်မာ့တပ်မတော်က စစ်အင်အားအလွန်အကျွံအသုံးပြု၍ KIO/KIA ၊ SSPP/SSA (N) နှင့် PSLF/TNLA နယ်မြေဒေသများအတွင်း ထိုးစစ်ဆင်တိုက်ခိုက်နေခြင်း၊ စစ်အင်အားများ အဆမတန်ဖြန့်ကျက်ထားပြီး UNFC အဖွဲ့ဝင်အဖွဲ့အစည်းများ၊ တပ်ဖွဲ့ဝင်များကို စစ်ရေးအရခြိမ်းခြောက်နေခြင်းနှင့် တိုင်းရင်းသားပြည်သူလူထုများအပေါ် လူ့အခွင့်အရေးချိုးဖောက်နေခြင်းများကို ချက်ချင်းရပ်တန့်ရန် UNFC က တောင်းဆိုသည်။

၆။ ယင်းကဲ့သို့ စစ်ဆင်ရေးများ ဆင်နွှဲမှုအပါအဝင် ရန်လိုမှု၊ စစ်ပြုမှု အဝဝကို လျှော့ချရန် (သို့မဟုတ်) ရပ်စဲရန် အစိုးရနှင့် တပ်မတော်ဘက်မှ ပြန်လည်သုံးသပ်ရန်လိုသည်။ ထိုသို့ သုံးသပ်ထိန်းသိမ်းမှု မရှိပါက မိမိတို့ UNFC အဖွဲ့ဝင်အဖွဲ့အစည်းများအနေနှင့် "တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်" အတွက် ဆွေးနွေးညှိနှိုင်းနေမှုအပါအဝင်၊ ယုံကြည်မှုတည်ဆောက်ခြင်းလုပ်ငန်းများ၊ နိုင်ငံရေးဆွေးနွေးပွဲအတွက် ဆက်လက်ပြင်ဆင်ရမည့် လုပ်ငန်းများကိုလည်း "ပြန်လည်သုံးသပ်သွားရမည့်" အခြေအနေရှိနေကြောင်း၊ နိုင်ငံတကာနှင့် ပြည်သူလူထုတရပ်လုံးသို့ အသိပေးတင်ပြရန် လိုအပ်လာမည်ဖြစ်ကြောင်း စာရေးအကြောင်းကြားအပ်ပါသည်။

ချစ်ကြည်လေးစားစွာဖြင့်-

NBanla
30/4/2014.

(ဒုတိယဗိုလ်ချုပ်ကြီး အင်ဘန်လ)
ဥက္ကဋ္ဌ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)